ကာကွယ်ဆေး အချက်အလက် ကြေငြာချက် BURMESE

# Hib ကာကွယ်ဆေး
## သင် ဘာကို သိထား သင့်ပါသနည်း

(*Haemophilus Influenzae* b အမျိုးအစား)

Many Vaccine Information Statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေး အများအပြား၏ အချက်အလက် ကြေငြာချက်များကို မြန်မာဘာသာနှင့် အခြားသော ဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်၊ www.immunize.org/vis တွင် ကြည့်ရှုပါ

## 1 အဘယ်ကြောင့် ကာကွယ်ဆေးထိုးရသနည်း။

*Haemophilus influenzae* b (Hib) ရောဂါ အမျိုးအစားသည် ဘက်တီးရီးယားကြောင့် ဖြစ်ပေါ်သည့် ပြင်းထန်သော ရောဂါအမျိုးအစားဖြစ်သည်။ များသောအားဖြင့် အသက် ၅ နှစ်အောက် ကလေးများတွင် ဖြစ်လေ့ရှိသည်။ အရွယ်ရောက်ပြီးလူကြီးများတွင်လည်း အချို့သော ဆေးဖက်ဆိုင်ရာ အခြေအနေများဖြင့် ဖြစ်ပေါ်နိုင်သည်။

ဘက်တီးရီးယားရှိသော်လည်း မသိသေးသည့် အခြားကလေးများ (သို့) အရွယ်ရောက်ပြီး လူကြီးများ၏ အနီးအနားတွင် နေခြင်းဖြင့် သင့် ကလေးတွင် Hib ရောဂါရရှိစေနိုင်သည်။ ရောဂါပိုးသည် လူတစ်ဦးမှ တစ်ဦးထံသို့ ပျံ့နှံ့သွားပါသည်။ အကယ်၍ ရောဂါပိုးသည် ကလေး၏ နှာခေါင်းထဲ (သို့) လည်ချောင်းထဲတွင် တည်ရှိနေလျှင် ကလေး မကျန်းမမာ ဖြစ်ချင်မှ ဖြစ်မည်။ သို့သော် ရောဂါပိုးသည် အဆုပ်များ (သို့) သွေးကြောများထဲသို့ ပျံ့နှံ့သွားပါက Hib သည် ပြင်းထန်သော ပြဿနာများ ဖြစ်ပေါ်နိုင်သည်။ ဤသည်မှာ ထိုးဖောက်ပြန့်ပွားသော Hib ရောဂါ ဟု ခေါ်ပါသည်။

ကာကွယ်ဆေး မတိုင်မီ၊ Hib ရောဂါသည် အမေရိကန်ပြည်ထောင်စုတွင် အသက် ၅ နှစ်အောက် ကလေးများအကြား၌ ဖြစ်ပေါ်သည့် ဦးနှောက်အမြှေးရောင်ရောဂါကို အများဆုံးဖြစ်ပေါ်စေသည့် ဘက်တီးရီးယားဖြစ်ပါသည်။ ဦးနှောက်အမြှေးရောင်ရောဂါသည် ဦးနှောက် နှင့် ကျောရိုးနှပ်ကြော အမြှေးများ ရောဂါပိုး ကူးစက်ခြင်း ဖြစ်သည်။ ၎င်းသည် ဦးနှောက်ပျက်စီးခြင်း နှင့် နားလေးခြင်း ဖြစ်သည်အထိ ဖြစ်စေနိုင်ပါသည်။ Hib ရောဂါသည် အောက်ပါတို့ကိုပါ ဖြစ်ပေါ်စေနိုင်သည်:

- အဆုပ်ရောင်ရောဂါ
- အသက်ရှူခြင်းကို ခက်ခဲသွားစေသည့် ပြင်းထန်သော လည်ချောင်းရောင်ခြင်း၊
- သွေး၊ အဆစ်များ၊ အရိုးများ၊ နှင့် နှလုံးအကာ တွင် ကူးစက်သွားခြင်း
- သေဆုံးခြင်း

Hib ကာကွယ်ဆေး မတိုင်မီ၊ အမေရိကန်ပြည်ထောင်စုတွင် အသက် ၅ နှစ်အောက် ကလေးများသည် နှစ်စဉ် ၂၀၀၀၀ ခန့် Hib ရောဂါ ဖြစ်ကြပြီး၊ ယင်းတို့အနက်မှ ၃ % - ၆ % ခန့်တို့မှာ သေဆုံးခဲ့ကြသည်။ Hib ကာကွယ်ဆေး အသုံးပြုသည်မှစပြီး ထိုးဖောက်ပျံ့ပွားသော Hib ရောဂါ ဖြစ်ပွားမှုသည် ၉၉ % ထက်မက လျော့နည်းသွားခဲ့သည်။ ကာကွယ်ဆေးထိုးခြင်းအား ကျွန်ုပ်တို့ ရပ်တန့်ခဲ့ပါက များစွာသော ကလေးများသည် Hib ရောဂါ ရရှိကြပါလိမ့်မည်။

## 2 Hib ကာကွယ်ဆေး

အမျိုးမျိုးသော Hib ကာကွယ်ဆေး ကုန်အမှတ်တံဆိပ်များကို ရရှိနိုင်ပါသည်။ သင့်ကလေးအနေဖြင့် အသုံးပြုသည့် ကာကွယ်ဆေးအပေါ်တွင် မူတည်ပြီး ဆေးပမာဏကို ၃ (သို့) ၄ ကြိမ် ရရှိပါလိမ့်မည်။

Hib ကာကွယ်ဆေး ပမာဏများကို များသောအားဖြင့် အောက်ပါ အသက်အရွယ်များတွင် ပေးရန် အကြံပြုလေ့ရှိသည် -

- ပထမအကြိမ် ဆေးပမာဏ - အသက် ၂ လ
- ဒုတိယ အကြိမ် ဆေးပမာဏ - အသက် ၄ လ
- တတိယ အကြိမ် ဆေးပမာဏ - အသက် ၆ လ (လိုအပ်ခဲ့ပါက။ ကာကွယ်ဆေး ကုန်အမှတ်တံဆိပ်အပေါ်မူတည်သည်)
- နောက်ဆုံး/မြှင့်တင်မှု အကြိမ် ဆေးပမာဏ - အသက် ၁၂ - ၁၅ လ

Hib ကာကွယ်ဆေးအား အခြားသော ကာကွယ်ဆေးများနှင့်အတူ တစ်ချိန်တည်းတွင် ပေးနိုင်ပါသည်။

Hib ကာကွယ်ဆေးအား ပေါင်းစပ်ထားသော ကာကွယ်ဆေး အစိတ်အပိုင်းတစ်ခု အနေဖြင့် ပေးနိုင်ပါသည်။ ပေါင်းစပ်ထားသော ကာကွယ်ဆေးများသည် ကာကွယ်ဆေး နှစ်မျိုး (သို့) ထိုအထက် ပေါင်းစပ်ထားသော တစ်ခါထိုးဆေးဖြစ်သည်၊ သို့ဖြင့် ကာကွယ်ဆေးတခါထိုးခြင်းဖြင့် ရောဂါတစ်မျိုးထက်မက ကာကွယ်ပေးနိုင်ပါမည်။

အသက် ၅ နှစ်အထက် ကလေးများ နှင့် အရွယ်ရောက်ပြီးသောလူကြီးများသည် ပုံမှန်အားဖြင့် Hib ကာကွယ်ဆေးကို မလိုအပ်ပါ။ သို့သော် ဘေလုံးအားနည်းခြင်း (သို့) သွေးနီအု တံဖင်ပုံ ပျက်ခြင်း၊ သရက်ရွက် ဖယ်ထုတ်ရန် ခွဲစိတ်မှုမပြုမီ၊ (သို့) ရိုးတွင်းခြင်ဆီအစားထိုးပြီးနောက်တွင် အသက်ပိုကြီးသော ကလေးများ(သို့) အရွယ်ရောက်ပြီးသောလူကြီးများအတွက်၊ ကာကွယ်ဆေးပေးရန်အကြံပြုပါသည်။ HIV ပိုးရှိသူ အသက် ၅ နှစ် မှ ၁၈ နှစ် တွင်း လူများအတွက်လည်း ကာကွယ်ဆေးပေးရန် အကြံပြုပါသည်။ အသေးစိတ်အား သင့် ဆရာဝန်ထံ မေးမြန်းပါ။

သင့် ဆရာဝန် (သို့) သင့်အား ကာကွယ်ဆေးပေးသူမှ သင့်အား အချက်အလက် ပိုပေး နိုင်ပါသည်။

ကာကွယ်ဆေးထိုးထားတဲ့အခြေအနေ၊ ကာကွယ်ဆေး စိစစ်ချက်နဲ့ နောင်မှာ ကာကွယ်ဆေးထိုးသင့်တဲ့အချိန်တို့ကို ဆရာဝန်(တွေ)က တိတိကျကျရနိုင်အောင် (Michigan Care Improvement Registry) မစ်ရှီဂင် ကုသမှု တိုးတက်ကောင်းမွန်ရေး စာရင်းကို အချက်အလက်တွေ ပို့လိုက်ပါမယ်။ ကာကွယ်ဆေးဆိုင်ရာ အချက်အလက်တွေကို ဒီစာရင်းကို ပို့မပေးဖို့ ဆရာဝန်တွေကို တောင်းဆိုပိုင်ခွင့် လူပုဂ္ဂိုလ်တွေမှာ ရှိပါတယ်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

## 3 အချို့သောသူများ ဤကာကွယ်ဆေးအား မထိုးသင့်ပါ

အသက် ၆ ပတ် အောက် အရွယ်ရှိ မွေးကင်းစကလေးများအား Hib ကာကွယ်ဆေး မပေးသင့်ပါ။

ယခင်အကြိမ် Hib ကာကွယ်ဆေးပမာဏကြောင့် ဆေးတုံ့ပြန်မှုတွင် အသက်အန္တရာယ်ဖြစ်နိုင်သည်အထိ ဆေးမတည့်ဖြစ်သူများ၊ (သို့) ကာကွယ်ဆေးကြောင့် တစ်စိတ်တစ်ပိုင်း ဆေးမတည့်ဖြစ်သူများ တို့သည် Hib ကာကွယ်ဆေး မခံယူသင့်ပါ။ *ပြင်းထန်သော ဆေးမတည့်ဖြစ်သည့်အကြောင်းကို ကာကွယ်ဆေးပေးသူအား ပြောပြပါ။*

အနည်းငယ်သာ ဖျားနာသူများ Hib ကာကွယ်ဆေး ရယူနိုင်ပါသည်။ အသင့်အတင့် သို့မဟုတ် အကြီးအကျယ် ဖျားနာသူများ ပြန်လည်ကျန်းမာသည်အထိ စောင့်ဆိုင်းသင့်ပါသည်။ ကာကွယ်ဆေးထိုးရန် အချိန်ကျရောက်သည့်နေ့တွင် ကာကွယ်ဆေးခံယူမည့်သူသည် ဖျားနာခဲ့ပါက သင်၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူအား ပြောပြပါ။

## 4 ကာကွယ်ဆေး တုံ့ပြန်မှု အန္တရာယ်များ

ကာကွယ်ဆေးများအပါအဝင်၊ မည်သည့်ဆေးဝါးများတွင်မဆို ဘေးထွက်ဆိုးကျိုးများ [2]ရှိနိုင်ပါသည်။ ၎င်းတို့သည် များသောအားဖြင့် အနည်းငယ်သာဖြစ်တတ်ပြီး သူ့ဘာသာသူ ပျောက်ကင်းသွားပါသည်။ ပြင်းထန်သော တုံ့ပြန်မှုများ ဖြစ်ပေါ်နိုင်သော်လည်း ရှားရှားပါးပါးသာ ဖြစ်ပါသည်။

Hib ကာကွယ်ဆေးခံယူသူ အများစုတို့တွင် မည်သည့် ပြဿနာများ မဖြစ်ပေါ်ပါ။

Hib ကာကွယ်ဆေးခံယူပြီးနောက် အောက်ပါ **သေးငယ်သော** ပြဿနာများ ဖြစ်ပေါ်နိုင်သည် -

- ဆေးထိုးထားသည့် နေရာတွင် နီမြန်းခြင်း၊ ပူနွေးခြင်း၊ (သို့) ရောင်ခြင်း
- ကိုယ်ပူခြင်း

ဤပြဿနာများမှာ သာမန်ဖြစ်လေ့မရှိပါ။ အကယ်၍ ဖြစ်ပေါ်မည်ဆိုလျှင် ဆေးထိုးပြီးချင်းတွင် ဖြစ်ပြီး ၂ ရက် (သို့) ၃ ရက် ခန့် ရှိနေတတ်သည်။

**မည်သည့် ကာကွယ်ဆေးမဆို ထိုးပြီးသည့်နောက် ဖြစ်ပေါ်တတ်သည့် ပြဿနာများမှာ -**

မည်သည့်ဆေးဝါးများမဆို ပြင်းထန်သော မတည့်သည့် တုံ့ပြန်မှုများ ဖြစ်ပေါ်နိုင်သည်။ ကာကွယ်ဆေးမှ တုံ့ပြန်မှုများသည် မကြုံစဖူးလောက်သာ ဖြစ်ပါသည်၊ ဆေးထိုးသည့် ပမာဏ အခါတစ်သန်းတွင် ၁ ခါသာ ရှိသည်ဟု ခန့်မှန်းရပြီး၊ ကာကွယ်ဆေးထိုး ပြီးနောက် အချိန် မိနစ်ပိုင်းအတွင်း မှ နာရီပိုင်းအတွင်း ဖြစ်ပေါ်ပါသည်။

မည်သည့်ဆေးဝါးများတွင်မဆိုဖြစ်လေ့ရှိသည့်အတိုင်း ကာကွယ်ဆေးကြောင့် ပြင်းထန်သော ဒဏ်ရာ (သို့) သေဆုံးခြင်း ဖြစ်ပေါ်ရန် အလားအလာ အလွန်နည်းသည်။

အရွယ်ပိုကြီးသောကလေးများ၊ ဆယ်ကျော်သက်များ နှင့် အရွယ်ရောက်ပြီးသော လူကြီးများ တို့သည်လည်း ကာကွယ်ဆေးထိုး ပြီးနောက် ဤပြဿနာများကို ကြုံတွေ့နိုင်ပါသည် -

- ကာကွယ်ဆေးထိုးခြင်းအပါအဝင် ဆေးဝါးကုသမှုများတို့ကြောင့် လူများသည် တစ်ခါတစ်ရံတွင် မူးလဲသွားတတ်သည်။ မူးလဲခြင်း နှင့် လဲကျခြင်းကြောင့် ဒဏ်ရာရရှိခြင်းတို့မှ ကာကွယ်ရန် ၁၅ မိနစ် ခန့် ထိုင်နေခြင်း (သို့) လဲလျောင်းနေခြင်းဖြင့် အထောက်အကူ ဖြစ်စေသည်။ သင် မူးဝေလာပါက၊ (သို့) အမြင်အာရုံပြောင်းလဲပါက (သို့) နားအူပါက သင့် ဆရာဝန်အား ပြောပြပါ။
- အချို့သောသူတို့တွင် ဆေးထိုးပြီးနောက် ပုခုံးတွင် အလွန်နာကျင်ပြီး လက်မောင်းလှုပ်ရှားရန် အခက်အခဲ ဖြစ်တတ်သည်။ ၎င်းသည် မကြုံစဖူးလောက်သာ ဖြစ်ပေါ်ပါသည်။

ကာကွယ်ဆေးခြင်းများအတွက် ဘေးကင်းလုံခြုံမှုကို အမြဲတမ်း စောင့်ကြည့်လေ့လာနေပါသည်။ အချက်အလက်ကိုမိုသိရှိရန် **www.cdc.gov/vaccinesafety/** တွင်ကြည့်ပါ။

Translation provided by the Immunization Action Coalition

## 5 အကယ်၍ ပြင်းထန်သော တုံ့ပြန်မှု ရှိခဲ့ပါလျှင်ဘာလုပ်မလဲ

**ကျွန်ုပ် ဘာကို လေ့လာရှာဖွေရမည်နည်း။**

- သင် စိုးရိမ်ရသည့် မည်သည့်အရာအတွက်ကိုမဆို သင် ရှာဖွေနိုင်သည်၊ ဥပမာ- [**ပြင်းထန်သော မတည့်သည့် တုံ့ပြန်မှု** ]လက္ခဏာများ၊

  ကိုယ်ပူချိန်အလွန် မြင့်ခြင်း၊ (သို့) ထူးခြားသည့် အပြုအမူများ။ အင်ပျဉ်များ အပါအဝင်၊ မျက်နှာ နှင့် လည်ချောင်း ရောင်ခြင်း၊ အသက်ရှူရန်အခက်အခဲဖြစ်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မူးဝေခြင်း၊ နှင့် အားနည်းခြင်း စသဖြင့် ပြင်းထန်သော မတည့်သည့် တုံ့ပြန်မှု လက္ခဏာများ။ ၎င်းသည် ကာကွယ်ဆေးထိုးပြီးနောက် များသောအားဖြင့် အချိန်မိနစ်ပိုင်းအတွင်းမှ နာရီပိုင်းအထိ ဖြစ်ပေါ်ပါသည်။

**ကျွန်ုပ် ဘာလုပ်သင့်သနည်း။**

- ပြင်းထန်သော မတည့်သည့် တုံ့ပြန်မှု (သို့) မစောင့်ဆိုင်းနိုင်သည့် အရေးပေါ်မှု ဖြစ်သည်ဟု သင်ထင်ခဲ့ပါက ၉-၁-၁ (သို့) ထိုပုဂ္ဂိုလ်အား အနီးဆုံး ဆေးရုံသို့ ပို့ပါ။ သို့မဟုတ်လျှင် သင့် ဆရာဝန်ထံ ဖုန်းခေါ်ပါ။
- နောက်မှ တုံ့ပြန်မှုအား ကာကွယ်ဆေး ဆိုးကျိုးပေးသည့် ကိစ္စအား အစီရင်ခံခြင်း စနစ် (VAERS) သို့ တင်ပြပါမည်။ သင့် ဆရာဝန်မှ အစီရင်ခံစာကို ဖိုင်တွဲထားရပါမည်၊ (သို့) သင် ကိုယ်တိုင် VAERS **www.vaers.hhs.gov**, ဝက်ဆိုဒ် မှတဆင့် တင်ပြနိုင်သည်၊ (သို့) ၈၀၀-၈၂၂-၇၉၆၇ သို့ ခေါ်ဆို ခြင်းအားဖြင့် တင်ပြနိုင်သည် **800-822-7967**။

*VAERS သည် ဆေးဝါးဆိုင်ရာ အကြံပေးခြင်းများ မရှိပါ။*

## 6 နိုင်ငံတော် ကာကွယ်ဆေး ဒဏ်ရာဖြစ်မှု လျော်ကြေးပေး ပရိုဂရမ်

နိုင်ငံတော် ကာကွယ်ဆေး ဒဏ်ရာဖြစ်မှု လျော်ကြေးပေး အစီအစဉ် (VICP) သည် ကာကွယ်ဆေးတစ်စုံတစ်ခုကြောင့် ဒဏ်ရာဖြစ်ပေါ်သူအား လျော်ကြေးပေးရန် တည်ထောင်ထားသော ဗဟိုအစိုးရ အစီအစဉ် ဖြစ်ပါသည်။

ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု ဖြစ်ပေါ်သည့်ဟု ယုံကြည်ရသူများ အစီအစဉ်၏ အကြောင်းကို လေ့လာရန်နှင့် တောင်းဆိုမှု တင်ပြရန် **1-800-338-2382** သို့ ခေါ်ဆိုနိုင်သည် ၂၃၈၂ (သို့) (VICP) ဝက်ဆိုဒ် **www.hrsa.gov/vaccinecompensation**။ သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။ လျော်ကြေးတောင်းဆိုရန်အတွက် အချိန်အကန့်အသတ် ရှိပါသည်။

## 7 ကျွန်ုပ် ပိုပြီး မည်သို့ လေ့လာနိုင်သနည်း။

- သင့် ဆရာဝန်ထံ မေးမြန်းပါ။ သူ (သို့) သူမ သည် ကာကွယ်ဆေးအထုပ်ဖြည့်စွက်ချက် (သို့) အခြားသော ကိုးကားရန် အချက်အလက်များ အကြံပြုခြင်း တို့ကို ပေးနိုင်ပါသည်။
- သင့် ဆရာဝန်ထံသို့ ခေါ်ဆိုပါ (သို့) ပြည်နယ် ကျန်းမာရေးဌာနသို့ ခေါ်ဆိုပါ။
- ရောဂါထိန်းချုပ်ခြင်းနှင့် တားဆီးခြင်း စင်တာ (CDC) -
  - **1-800-232-4636 (1-800-CDC-INFO)** သို့ ခေါ်ဆိုပါ၊
  - CDC ဝက်ဆိုဒ် **www.cdc.gov/vaccines** သို့ ဝင်ရောက်ကြည့်ရှုပါ

DCH-0449BU AUTH: P. H. S., Act 42, Sect. 2126.

Vaccine Information Statement

# Hib Vaccine

4/02/2015 **Burmese**

42 U.S.C. § 300aa-26

Office Use Only